# Fourth Sunday in Ordinary Time

## 1st READING: Dt 18: 15-20

တရားဟောရာကျမ်း။ ( ၁၈ း ၁၅ မှ ၂၀)

မိုးဇယ်သည်ပရိသတ်တို့အားပြောဆိုသည်ကား- သင်တို၏လူမျိုး၊ သင်တို့၏ညီအစ်ကိုများထဲမှကျွန်ုပ်ကဲ့သို့ပရောဖက်တစ်ပါးကိုသင်တို ့၏အရှင်ဘုရားသခင်သည်ပေါ်ထွန်းစေလိမ့်မည်။ သင်တို့သည်သူ့ကိုနားထောင်ကြရလိမ့်မည်၊ သင်တို့သည်ဟောရက်တောင်၌စုဝေးကြစဉ်သေခြင်းနှင့်ကင်းမည့်အကြောင်းဘုရားသခင်၏အသံတော်ကိုနောက်တစ်ဖန်မကြားရပါစေနှင့်။ ဤကြီးမားလှသောမီးကိုလည်းမမြင်ရပါစေနှင့်ဟုသင်တိုဆိုခဲ့ကြ၍သင်တို့ ့၏အရှင်ဘုရားသခင်ထံတောင်းဆိုခဲ့ကြသည့်အတိုင်းဖြစ်၏။ သူတို့ပြောဆိုခဲ့သမျှသောအရာတို့သည်ကောင်းမြတ်ပေ၏ဟုသခင်ဘုရားကျွန်ုပ်အားမိန့်တော်မူ၏။ ငါသည်သူတို့ထဲမှသင်နှင့်တူသောပရောဖက်တစ်ပါးကိုပေါ်ထွန်းစေ၍ထိုသူ၏နှုတ်၌ငါ၏စကားများကိုပေးသနားမည်။ သူသည်လည်းငါအမိန့်ရှိသမျှတို့ကိုသူတိုအားပြောကြားလိမ့်မည့် ။ ငါ၏နာမ၌ပြောကြားသောစကားများကိုနားထောင်သောသူကိုငါသည်ဒဏ်ခပ်မည်။ ပရောဖက်မှုကားငါအမိန့်ပေးသောအရာများကိုငါ၏နာမ၌သို့မဟုတ်အခြားသောဘုရားတို့၏နာမ၌မာနထောင်လွှားလျက်ပြောဆိုခဲ့သော်အသေသတ်ခြင်းခံရလိမ့်မည်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm  Psalms  95: 1-2, 6-7, 7-9

ဆာလံ ၉၄၊

သံပြိုင်။ ။ ယနေ့ သင်တို့သည် သခင်ဘုရား၏ အသံကိုကြားသောအခါ သင်တို၏နှလုံး များကို တင်းမာ၍ မထားကြလေနှင့်။

R. If today you hear his voice, harden not your hearts.

၁။ ။ လာကြလော့၊သခင်ဘုရားအားရွှင်လန်းစွာတေးဆိုကြကုန်အံ့။ ကျွန်ုပ်တို့၏ကယ်တင်ရှင်အား ကျူးကြေကုန်အံ့။ ကျေးဇူးတင်လျက်ကိုယ်တော်၏ရှေ့တော်သို့ဝင်ကြကုန်အံ့။ သီချင်းများဖြင့် ကိုယ်တော်အားကျူးကြေစို့။ (သံပြိုင်)

Come, let us sing joyfully to the LORD; let us acclaim the rock of our salvation. Let us come into his presence with thanksgiving; let us joyfully sing psalms to him.

၂။ ။ လာကြလော့၊ပျပ်ဝပ်ကြလျက်ကိုးကွယ်ကြစို့။ ကျွန်ုပ်တိုကို့ ဖန်ဆင်းတော်မူသောသခင်ဘုရားရှေ့ တော်၌ဒူးထောက်ကြစို့။ အကြောင်းမူကားကိုယ်တော်သည်ကျွန်ုပ်တို့၏ဘုရားသခင်ဖြစ်တော်မူ၍ ကျွန်ုပ်တို့သည်ကိုယ်တော်၏စားကျက်တင်ွကျက်စားသူများကိုယ်တော်၏လက်တင်ွရှိသောသိုးစုဖြစ်ကြ ၏။ (သံပြိုင်)

Come, let us bow down in worship; let us kneel before the LORD who made us.
For he is our God,

၃။ ။ ယနေ့သင်တိုသည့် ကိုယ်တော်၏အသံကိုကြားသောအခါသင်တို့၏နှလုံးများကိုတင်းမာ၍မထား ကြလေနှင့်။ သင်တို့၏ဘိုးဘေးများတို့သည်သဲကန္တာရတင်္ဂမက်ဆာမေရိဘာ၌ငါ၏လုပ်ဆောင်ချက် များကိုတွေ့မြင်ကြရသော်လည်းငါ့ကိုစုံစမ်းကြသကဲ့သို့သင်တို့၏နှလုံးများကိုတင်းမာမထားကြလေနှင့်။

(သံပြိုင်)

Oh, that today you would hear his voice: “Harden not your hearts as at Meribah, as in the day of Massah in the desert, Where your fathers tempted me; they tested me though they had seen my works.”

## 2nd READING: 1 Cor 7:32-35

မွန်မြတ်သောတပည့်တော်ကြီး သံပေါလူး ကော်ရင်းသီမြို့ သားတို့ထံ ရေးသောစာပထမစောင် ( ၇ း ၃၂ မှ ၃၅ အထိ)

ညီအစ်ကိုတို့၊-

သင်တို့အားစိတ်ပူပင်သောကနှင့်ကင်းဝေးစေရန်ကျွန်ုပ်အလိုရှိသည်။ အိမ်ထောင်မရှိသောသူသည် ဘုရားသခင်အားအဘယ်ကဲ့သို့နှစ်သက်အောင်ပြုရမည်နည်းဟုတွေးတောကာဘုရားသခင်နှင့်ဆိုင် သောအရာတို့၌သာဗျာပါသောကများတတ်သည်။ အိမ်ထောင်ရှိသောသူမူကားဇနီးသည်အားအဘယ် ကဲ့သို့ နှစ်သက်စေမည်နည်းဟုစဉ်းစားကာလောကရေးရာကိစ္စတို၌သာဗျာပါသောကများတတ်၍ သူ၏ စိတ်ဝင်စားမှုများသည်နှစ်မျိုးကွဲလျက်ရှိရသည်။ အိမ်ထောင်မပြုသောမိန်းမနှင့်အပျိုကညာတို့သည် ကိုယ်စိတ်နှစ်ပါးသန့်ရှင်းစေရန်သခင်ဘုရားနှင့်ဆိုင်သောအရာတို၌သာစိတ်အား ရုံစွလဲမ်းတတ်သည်။ အိမ်ထောင်ပြုသောမိန်းမမူကား၊လင်ယောကျာ်းကိုနှစ်သက်စေနိုင်ရန်လောကရေးရာကိစ္စများကိုသာ အာရုံပြုတတ်သည်။ ဤကဲ့သို့ကျွန်ုပ်ပြောရသည်မှာသင်တို ့အားချုပ်ချယ်ရန်မဟုတ်၊ သင်တို့သည်

ဖြောင့်မတ်ကောင်းမွန်စေကျင့်ဆောက်တည်နိုင်ရန်နှင့်အဆီးအတားအနှောက်အယှက်မရှိပဲဘုရားသ
ခင်ကိုဂန်ပြုကိုးကွယ်နိုင်ရန်သာဖြစ်ပါသည်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

GOSPEL: Mark 1:21-28

သံမာရ်ကူးရေးထားသော သန့်ရှင်းသော ဧဝံဂေလိကျမ်း။ ( ၁ း ၂၁ မှ ၂၈ အထိ)

ကာဖာရ်နာအုမ်မြို့သို့ဂင်ကြလျှင်၊ ဥပုသ်နေ့၌ချက်ချင်းတရားဇရပ်ထသဲ့ဂို င်တော်မူ၍ကိုယ်တော်သည်
သူတို့ကိုသွန်သင်တော်မူ၏။ သူတို့သည်လည်းကိုယ်တော်၏ဒေသနာတော်ကိုအံ့သြကြ၏။ အကြောင်း
မူကားကိုယ်တော်သည်ကျမ်းတတ်ဆရာကဲ့သို့မဟုတ်၊အာဏာရှိသူတို့ကဲ့သဲ့ဟောပြောဆုံးမတော်မူ ၏။
သူတို့၏တရားဇရပ်၌ညစ်ညူးသာနတ်ဆိုးဖမ်းသောသူတစ်ယောက်ရှိ၏။ ထိုသူသည်ဟစ်ကြော်လျက်
အိုယေဇူးနာဇရေနူးကိုယ်တော်သည်ကျွန်ုပ်တို့နှင့်အဘယ်အခင်းရှိပါသနည်း။ကျွန်ုပ်တို့ကိုဖျက်ဆီးခြင်း
ငှာလာသလော၊ကိုယ်တော်အဘယ်သူဖြစ်သည်ကိုကျွန်ုပ်သိပါ၏။ ဘုရားသခင်၏သန့်ရှင်းတော်မူသော
သူဖြစ်ပါသည်ဟုလျှောက်၏။ယေဇူးကလည်းသူ့ကိုခြိမ်းခြောက်တော်မူ၍တိတ်ဟဲ့၊ထိုသူမှထကွ်လော့ဟု
မိန့်တော်မူလျှင်ညစ်ညူးသောနတ်ဆိုးသည်သူ့ကိုပြင်းစွာဆွဲခဲ့ပြီးမှကျယ်သောအသံဖြင့်ဟစ်ကြော်၍

ထွက်သွားလေ၏။ လူခပ်သိမ်းတို့သည်လည်းအံ့သြကြသည်ဖြစ်၍ဤအရာသည်အဘယ်သို့နည်း၊ ဤဒေသနာသစ်သည်အဘယ်သို့နည်း၊အကြောင်းမူကားညစ်ညူးသောနတ်ဆိုးတို့ကိုပင်အာဏာနှင့်အမိန့်ရှိလျှင်သူ၏စကားကိုနားထောင်ကြသည်တကားဟုအချင်းချင်းမေးမြန်းပြောဆိုကြ၏။ သတင်းတော်သည်လည်းချက်ချင်းဂါလိလေအားတစ်ပြည်လုံးအနှံ့အပြားပေါက်ရောက်၏။ ဤသည်ကား ဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်။